www.facebook.com/themyawadydaily

၁၉၈၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။

# မိုးသောက်ပန်း ဂျာနယ်

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၂)ရက် (အင်္ဂါနေ့)
အတွဲ(၂၀)၊ အမှတ်(၄)

ဤဂျာနယ်သည်
______________________
______________________
______________________
၏ဂျာနယ်ဖြစ်ပါသည်။




R-642 Designed By Aung Khant

စာမျက်နှာ (၂) သို့ →

* မကောင်းမှုဟူသမျှကို မပြုရာ၊ ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေရာ၏။ မိမိ၏စိတ်ကို ဖြူစင်စေရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

* To avoid all evil, to cultivate good, and to cleanse one's mind- this is the teaching of the Buddhas.

## မိုးသောက်ပန်းဂျာနယ်၏ ဓမ္မလက်ဆောင်

* မစင်အပြည့်ရှိ၍ ကျဉ်းမြောင်းသောနေရာ၌ နေရခြင်းသည် ဆင်းရဲ၏။
* မိမိကိုမချစ်ခင်သော ရန်သူ့လက်တွင်း၌ နေရခြင်းသည် ဆင်းရဲ၏။
* ပြုခဲ့ဖူးသော သူ့ကျေးဇူးကိုမသိတတ်သောသူနှင့် အတူနေရခြင်းသည် ထို့ထက်ပို၍ ဆင်းရဲ၏။

လောကနီတိ

မြဝတီစာပေတိုက်၊ အမှတ် (၁၅) တပ်မြေ၊ မိုးကောင်းလမ်း၊ ၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၃၀၃၆၇၅၆၂(စာတည်း)၊ ၀၉ ၇၃၀၇၂၀၄၄(စီမံ)၊ ၀၉ ၃၂၄၉၈၇၂၄(ဖြန့်ချိရေး)

www.facebook.com/themyawadydaily

ရှေ့ဖုံးမှအဆက်






ရန်ကုန်ရုံးခွဲ၊ အမှတ် (၁၈၁)၊ ၃၂လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။ ဖုန်း - ၀၉ ၃၂၄၉၈၇၁၄

www.facebook.com/themyawadydaily






www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

# ဆွမ်းတော်ကပ်ချိန်

အရုဏ်ကျင်းလို့ ရောင်နီဖြာ
ကြက်ဖတွန်သံသာ။
လေပြည်လာလို့ ရနံ့မွှေး
မိုးသောက်ပန်းတွေဖွေး။
ပန်းကုံးလေးတွေ ချိတ်ဆွဲကာ
ရေချမ်းပန်းကပ်မှာ။
ဆီမီးဝါဝါ ထွန်းညှိလင်း
ဘုရားစင်မှာဝင်း။
ကြိုင်ကြိုင်သင်းတဲ့ သစ်သီးတွေ
ချိုချဉ်မုန့်စုံပေ။
မေမေပြင်တဲ့ ဆွမ်းတော်ပွဲ
လှူဒါန်းပူဇော်မြဲ ။ ။

မန်းတင့်မော်

## ဆန်း



* ဆလိမ်နသတ် ဝစ္စပေါက်ဆန်း
အသစ်အဆန်း လွန်ထူးဆန်း။
ဆန်းဆန်းပြားပြား ထူးခြားတာ
ဆန်းစစ်ကြည့်ဖို့ပါ၊
လဆန်းရက်မှာ လကွေးကွေး
ဆန်းကြယ်လှတယ်လေး။

# ဖတ်စရာ၊ မှတ်စရာ သတ်ပုံကဗျာ

ရေနံ့သာမောင်ကျော်ညွန့်

## ဆမ်း



* ဆလိမ်မသတ် ဝစ္စပေါက်ဆမ်း
နာနတ်သီးစိတ် ပျားရည်ဆမ်း။
ထမင်းဆီဆမ်း စားနေတယ်
ဟင်းရည်ဆမ်းအုံးကွယ်၊
သွားရအုံးမယ် ပျော်ပျော်ကြီး
ပျားရည်ဆမ်း ခရီး။

**ကလေးတို့ မာ ဘိ ကာ**

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂) ရက် — အတွဲ (၂၀)၊ အမှတ် (၇)


| | | |
|---|---|---|
| **ကဗျာ** | | |
| ဆွမ်းတော်ကပ်ချိန် | မန်းတင့်မော် | ၄ |
| **ရုပ်ပြကာတွန်း** | | |
| ကြောင်ရုပ်ဆိုးနှင့်ကြွက်ညီနောင် | နေခြည် | ၁ |
| ဂျာရစ် | မောင်ဗချီ | ၅ |
| အနိုင်ကျင့်တဲ့သူ | MEGA(PYAY) | ၁၄ |
| ဆရာမနဲ့တပည့်များ | မင်းဦး(ဒဿန) | ၂၀ |
| **ကလေးတို့အတွက် သုတ၊ ရသကဏ္ဍ** | | |
| ဖတ်စရာ၊ မှတ်စရာ သတ်ပုံကဗျာ | ရေနံ့သာမောင်ကျော်ညွန့် | ၄ |
| ကွက်လပ်ဖြည့်ရင်း လေ့လာကြမယ် | ခင်(ရုက္ခ) | ၇ |
| ထူးဆန်းထွေလာ တိရစ္ဆာန်တို့ကမ္ဘာ | ဇော်တေဇ | ၈ |
| ရိုးသားခြင်းရဲ့အကျိုးတရား | ဦးငယ် | ၁၀ |
| မိမိဝန်းကျင်မှ သစ်သီးဝလံများ | မေပြည့်စုံ | ၁၃ |
| ကလေးတို့အတွက် ပုံပြအဘိဓာန် | ရွှေဝါဦး | ၁၃ |
| အထွေထွေ ဗဟုသုတ | ထက်ဘုန်း | ၁၉ |
| **ဗဟုသုတဖြစ်ဖွယ် မြန်မာစကားလုံးများကဏ္ဍ** | | |
| မြန်မာဗန်းစကားများ သုံးစွဲတတ်စေရန် | ရွှေအိ | ၁၁ |
| **ဉာဏ်စွမ်းရည်** | | |
| မိုးသောက်ပန်းဆုဒိုခုပြိုင်ပွဲအမှတ်စဉ်(၃၉၈) | MOE | ၉ |



စာတည်းမှူးချုပ်
ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး က
ပုံနှိပ်သူ မှတ်ပုံတင်အမှတ်
(၀၀၆၅၆)ဖြင့် ပုံနှိပ်၍ ထုတ်ဝေသူ
မှတ်ပုံတင်အမှတ်(၀၀၈၁၄)ဖြင့်
ဖြန့်ချိထုတ်ဝေသည်။

| | |
|---|---|
| စာတည်းမှူးချုပ် | ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး |
| ဒုတိယစာတည်းမှူးချုပ် | (ဗိုလ်မှူး)ဗိုလ်ကြီးကြည်ဇင် |
| စာတည်းမှူး | ဗိုလ်မှူးငြိမ်းချမ်းဦး |
| တာဝန်ခံစာတည်း | ဗိုလ်မှူးဇော်မင်းသန်း |
| လက်ထောက်စာတည်း | ဒေါ်ခင်ဌေးဦး၊ ဒေါ်သန္တာဝင်း |
| မျက်နှာဖုံးဒီဇိုင်း | Aung Khant |
| စာစီနှင့်ဒီဇိုင်း | ဖွားကောက် |
| အတွင်းဒီဇိုင်း | ထိုက်သန္တာ |
| စာပြင် | အိအိလွင် |


နိုင်ငံသားအားလုံးသည် နိုင်ငံတော်ကာကွယ်ရေးအတွက် တာဝန်ရှိသည်။

www.facebook.com/themyawadydaily


GYAR YIT
STORY : MAUNG BA CHI
CARTOON : MAUNG BA CHI
TR : TRIPLE A
"I USED TO LATE FOR SCHOOL. I SHALL GET READY."
"BOOKS SHALL BE KEPT IN THE BACK PACK."
"PENCIL, RULER, ERASER AND SHARPENER... NOTHING SHALL BE LEFT."
"ALL THE NECESSARY ITEMS ARE THERE. I AM GOING TO BATH."
"AFTER BATHING, I HAVE ENOUGH TIME TO PLAY. I SHALL VISIT YAR KYAW."
"HELLO YAR KYAW!"
"WHAT'S UP GYAR YIT?"
"BEFORE WE GO TO SCHOOL, WE HAVE ENOUGH TIME TO PLAY."
"SUCH BOY!"
"I HAVEN'T COMPLETED MY MATHS HOMEWORK. I AM NOT FREE."
"LET IT BE. I GO BACK AND PLAY MY OWN."
"I SHALL TEASE THE PUPPY AND RUN."
"HUH, ITS MUMMY BITCH IS RUNNING AFTER ME. I MUST RUN."


"I MAY JUMP OVER THE FENCE OVER THERE."
"HUH HUH... WHAT ARE THESE?".
"I FALL DOWN ONTO A PILE OF CHARCOAL. I HAVE TO RUSH OUT FROM OTHER PEOPLE'S COMPOUND."
"THE PUPPY AND ITS MOTHER AFRAID ME AND RUN AWAY. HAE HAE"
"I HAVE TO BATH AGAIN WHEN I GET HOME."
"HEY HEY.....IS IT AN IMP IN A BROAD DAY LIGHT?"
WHEN HE GETS HOME,
"LOOK AT YOURSELF? WHAT HAPPENED TO YOU GYAR YIT?"
"I WILL TELL YOU LATER. LET ME TAKE A SHOWER FIRST MAY MAY."
IN THE BATHROOM,
"HMM THERE IS NO WATER."
"NO WATER AT ALL. YOU WERE SO EAGER TO PLAY SO THAT YOU DID NOT TURN OFF THE TAP AFTER HAVING A SHOWER AND LEFT."
"THERE IS NO WATER IN THE TANK."
SUPER
"GO TO YAR KYAW 'S HOUSE AND HAVE A SHOWER THERE. AFTER THAT YOU MUST GO TO SCHOOL. YOU ARE LATE FOR SCHOOL TODAY AGAIN."
"I AM WRONG."

# ကွက်လပ်ဖြည့်ရင်း လေ့လာကြမယ်

ခင်(ရုက္ခ) စုစည်းတင်ပြသည်။

ကဲ သားသား၊ မီးမီးတို့ရေ

မိုးသောက်ပန်းဂျာနယ်မှာ အပတ်စဉ်ပုံပြအဘိဓာန်ကို ဆက်တိုက်ဖော်ပြခဲ့ပါတယ်။ ဒီတစ်ခါမှာတော့ သားသား၊ မီးမီးတို့က ဖော်ပြပေးခဲ့တဲ့ ပုံပြအဘိဓာန်ကို ဘယ်လောက်လေ့လာခဲ့တယ်ဆိုတာနဲ့ ကျောင်းသင်ခန်းစာမှာလည်းအထောက်အကူ ဖြစ်အောင် ပြန်လည်ဆန်းစစ်ရင်း အောက်မှာဖော်ပြပေးတဲ့ ကွက်လပ်ဖြည့်လေးတွေကို လေ့ကျင့်ရအောင်နော်-

| | | | |
|---|---|---|---|
| 1.  T_p | 2.  B_ _ck | 3.  C_a_n | 4.  T_in |
| 5.  T_a | 6.  M_gn_t | 7.  N_t | 8.  Sp_ _n |
| 9.  G_ra_ _e | 10.  L_p | 11.  D_ck_i_g | 12.  D_ve |
| 13.  V_l_u_e | 14.  B_d | 15.  M_s_r_om | 16.  F_t |

www.facebook.com/themyawadydaily





# ထူးဆန်းထွေလာ တိရစ္ဆာန်တို့ ကမ္ဘာ

ဇော်တေဇ

## Fossa

Fossa သည် ကြောင်ကဲ့သို့သော သတ္တဝါဖြစ်ပြီး သားစားနို့တိုက်သတ္တဝါအကြီးဆုံးဖြစ်သည်။ မာဒါဂတ်စကာကျွန်းပေါ်တွင် တွေ့ရှိနိုင်သည်။ အမေရိကန်ကျားသစ်ငယ်အဖြစ်လည်း နှိုင်းယှဉ်သတ်မှတ်ခဲ့ကြသည်။ အရွယ်ရောက်သော Fossa များသည် ဦးခေါင်းမှခန္ဓာကိုယ်ထိ ၇၀-၈၀ စင်တီမီတာရှည်လျားပြီး ၅ ဒသမ ၅ နှင့် ၈ ဒသမ ၆ ကီလိုဂရမ်ကြား အရွယ်အစားရှိသည်။ အထီးသတ္တဝါများသည် အမသတ္တဝါတို့ထက်အရွယ်အစားပို၍ ကြီးတတ်ကြသည်။ ထိုသတ္တဝါသည် ခြေသည်း၊ လက်သည်းများကို တစ်ဝက်သိမ်းထားပြီး သစ်ပင်များပေါ်သို့ တက်နိုင်ဆင်းနိုင်ရန် ကွေးကောက်သောခြေချင်းဝတ်များရှိသည်။ သစ်ပင်တစ်ပင်မှတစ်ပင်သို့ ခုန်ကူးနိုင်ရန်အတွက်လည်း အထောက်အကူပြုသည်။ Fossa တို့သည် ၎င်းတို့၏ မျိုးနွယ်ဝင်ကြောင်များနှင့် တောခွေးရိုင်းများ၏ စရိုက်လက္ခဏာများရှိကြပြီး ၎င်းတို့၏ ကိုယ်အင်္ဂါသည် မျိုးနွယ်စုဝင်များတွင် ပြိုင်ဘက်ကင်းသည်။

Fossa မျိုးစိတ်သည် ကျယ်ပြန့်ပျံ့နှံ့သော်လည်း အကောင်အရေအတွက်များပြားလာမှုမှာ နည်းပါးကြသည်။ ၎င်းတို့သည် လူသူအရောက်နည်းသော သစ်တောများတွင်နေထိုင်ခြင်းနှင့် နေရောညပါသားကောင်ရှာဖွေဖမ်းဆီးခြင်းတို့ လုပ်ဆောင်လေ့ရှိကြသည်။ ၎င်းတို့၏ အစားအစာ ၅၀ရာခိုင်နှုန်းကျော်သည် ကြွက်၊ ကိုက်ဖြတ်တတ်သော သတ္တဝါ၊ ဖွတ်၊ ပုတတ်များ၊ ငှက်များနှင့် အခြားသတ္တဝါများ ပါဝင်ကြသည်။ ခြေလက်အင်္ဂါများသည် သစ်ပင်ပေါ်တွင် ကြမ်းခင်းကဲ့သို့ အလျားလိုက်နေထိုင်လေ့ရှိပြီး အချိန်များစွာထိ နေထိုင်နိုင်သည်။ ၎င်းတို့သည် သားပေါက်များအား တစ်ကောင်မှ ခြောက်ကောင်ထိ ကိုယ်ဝန်ဆောင်ထားနိုင်ပြီး သားပေါက်များသည် ပေါက်ဖွားချိန်တွင် မျက်မမြင်ခြင်းနှင့် သွားမပါခြင်းတို့ ဖြစ်ကြသည်။ သားပေါက်များသည် လေးလ၊ ငါးလခန့်တွင် နို့ဖြတ်လေ့ရှိပြီး တစ်နှစ်သားတွင် ကောင်းစွာရှာဖွေစားသောက်ကြသည်။ Fossa အား နိုင်ငံတကာသဘာဝကာကွယ်စောင့်ရှောက်ရေးအသင်းအဖွဲ့များသည် အရေအတွက်နည်းသောသတ္တဝါအဖြစ်စာရင်းသွင်းခဲ့ကြသည်။ ထိုသတ္တဝါများအား မာလဂစီလူမျိုးတို့ ကြောက်ခဲ့ကြပြီး တားမြစ်ချက်များဖြင့် ကာကွယ်ခဲ့ကြသည်။ Fossa မျိုးစိတ်များ၏ အကြီးမားဆုံးသော ခြိမ်းခြောက်မှုသည် ၎င်းတို့၏ နေရာများအား ဖျက်ဆီးခြင်းပင် ဖြစ်သည်။





www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# မိုးသောက်ပန်း ဆုဒိုခုပြိုင်ပွဲ

MOE

## မိုးသောက်ပန်းဂျာနယ် ဆုဒိုခုပြိုင်ပွဲ အမှတ်စဉ် (၃၉၈)

အမည် ____________________

မှတ်ပုံတင်အမှတ် ____________________

နေရပ်လိပ်စာ ____________________

____________________

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | 7 | | | | |
| | | | 5 | | | 2 | | 4 |
| 7 | 1 | | | | 9 | | 3 | |
| | | | | 1 | | 3 | | |
| 8 | 4 | 3 | | | | | | |
| | | | | | | | 8 | 2 |
| 2 | | | | | | | 9 | |
| 9 | | | 4 | 3 | | 8 | | |
| | | | | 6 | 2 | | | 7 |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | 6 | | | 2 | 7 | | |
| | | 2 | | | | | | |
| | | | 6 | | 8 | | 2 | 9 |
| | 7 | | 8 | | | | 1 | |
| | | 3 | | 9 | | | 7 | |
| 6 | 1 | | | | | 3 | | |
| | 9 | | | 5 | | 8 | | |
| | | | | | | | | 4 |
| | | | | 3 | 9 | 5 | | |

### စည်းမျဉ်းစည်းကမ်းများ

၁။ အတိုင်(column)နှင့် အတန်း(row) တစ်ခုချင်းစီတွင် ၁ မှ ၉ အထိ ဂဏန်းကိုးလုံးကို ထည့်ရမည်။

၂။ အကွက်ကိုးကွက်စီပါသော ဇုန်(region)တစ်ခုချင်းစီတွင်လည်း အလားတူ ဂဏန်းကိုးလုံးကို မထပ်အောင် ထည့်ရမည်။

၃။ အထက်ပါအချက်များကို လိုက်နာ၍ ဖြည့်စရာကွက်လပ်မကျန်လျှင် ဂိမ်းအောင်ပြီဟု ဆိုနိုင်ပါသည်။

၄။ ဆုဒိုခုအဖြေလွှာဖြတ်ပိုင်းများကို (၁၂. ၈ . ၂၀၁၆) နေ့လယ်အရောက် မြဝတီစာပေတိုက်ရုံးခွဲ၊ အမှတ် (၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ပေးပို့ရမည်ဖြစ်ပါသည်။

၅။ ဆုဒိုခုအဖြေမှန်အတွက် ဆုငွေ (၅၀၀၀ ကျပ်)နှင့် မိုးသောက်ပန်းဂျာနယ်တစ်စောင် ချီးမြှင့်ပါမည်။ အဖြေမှန်သူတစ်ဦးထက်ပိုပါက မဲနှိုက်ရွေးချယ်သွားပါမည်။

၆။ ဆုချီးမြှင့်ခြင်းခံရသူနှင့် အခြားအဖြေမှန်သူများအမည်အား မိုးသောက်ပန်းဂျာနယ်တွင် ထည့်သွင်းဖော်ပြသွားပါမည်။

---

## မိုးသောက်ပန်းဆုဒိုခုပြိုင်ပွဲ အမှတ်စဉ် (၃၉၅) ဆုရရှိသူ

ဦးမိုးလွင်
အခန်း (၁၄)၊ တိုက်(၆၈)၊ ဖ. ဆ. ပ. လ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

**အဖြေမှန်ပြီး ဂျာနယ်လက်ဆောင်ရရှိသူများစာရင်း**

၁။ မတင်လှ
အမှတ် ၁၉၊ လမ်း ၉၀၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၂။ မောင်အောင်ထွန်းလင်း
အမှတ် ၃၈၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်။
၃။ မမေမြတ်နိုးလွင်
အမှတ်(၅၀)၊ ၉၃ လမ်း၊ ၄ လွှာ၊ ကန်တော် ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၄။ မသံဇင်နွယ်
အမှတ် ၂၅၊ ၉၄ လမ်း၊ ၃ လွှာ၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်။
၅။ ဦးစန်းမောင်
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၆။ ဦးစန်းမောင်(၁)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၇။ မောင်ဆန်းဝင်းမောင်(၁)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၈။ မောင်ဆန်းဝင်းမောင်(၂)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၉။ မအေးသီတာညို(၁)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၁၀။ မအေးသီတာညို(၂)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၁၁။ မောင်မြတ်စိုးမောင်
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၁၂။ ဒေါ်ခင်ညိုညို(၁)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၁၃။ ဒေါ်ခင်ညိုညို(၂)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၁၄။ မခင်လေးညို(၁)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၁၅။ မခင်လေးညို(၂)
၄၁၊ ဈေးရပ်တန်း၊ ပုသိမ်မြို့။
၁၆။ ကိုကျော်စွာဝင်း
၇/၁၆၂၊ ဦးပန်းဖြူလမ်း၊ တောင်ငူမြို့။
၁၇။ မယုသန္တာကျော်
ဒရိမ်းကျေးရွာ၊ ပေါင်မြို့နယ်။
၁၈။ မခင်မြင့်ချို
ဒရိမ်းကျေးရွာ၊ ပေါင်မြို့နယ်။
၁၉။ မမြင့်မြင့်စန်း
အ. မ. က ဒရိမ်း၊ ပေါင်မြို့နယ်။
၂၀။ မောင်ဝင်းသန်းထိုက်
ဥတ္တံတားကျေးရွာ၊ ပေါင်မြို့နယ်။
၂၁။ မအေးသန္တာအောင်
ကဒုံစီးရပ်ကွက်၊ ပေါင်မြို့။
၂၂။ မသဇင်အေး
အမှတ် ၁၆၊ ကဒါမြို့သစ် ၁ လမ်း၊ ပေါင်မြို့။
၂၃။ မဝေဝေတင်
မိုးနိုင်းရပ်ကွက်၊ ပေါင်မြို့။
၂၄။ မောင်ကျော်ဇေယျာမင်း
ပညာရေးမှူးရုံးလမ်း၊ အနောက်ပိုင်းရပ်ကွက်၊
ဆိပ်ဖြူမြို့၊ မကွေးတိုင်းဒေသကြီး။
၂၅။ ဒေါ်ခင်လေးကြည်
အမှတ် ၂၆၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
၂၆။ မခွာညိုထွန်း
နန်းပန်ရပ်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်တောင် ပိုင်း။
၂၇။ ကိုထွန်းဇော်ဦး
၁၁/၁/၂၉၃၊ ထွန်းရွှေဝါလမ်း၊ ရွှေပေါက်ကံမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်။
၂၈။ မောင်ဇေယျာနိုင်
အပိုင်(၉)၊ မာဃလမ်း၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်။
၂၉။ ရွှေစင်
အမှတ် ၂၈၊ ပထမထပ်၊ စံပြဈေး၊ သယ်န်းကျွန်းမြို့နယ်။
၃၀။ မပြည့်ပြည့်ဖြိုးစံ
အမှတ် ၁၃၄၊ ပါရမီလမ်း၊ ရဲစုတောင်ရပ်ကွက်၊ ထောက်ကြန့်မြို့။

### အမှတ်စဉ် (၃၉၅) အဖြေမှန်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 4 | 5 | 3 | 8 | 7 | 1 | 6 | 2 | 9 |
| 8 | 9 | 6 | 3 | 5 | 2 | 7 | 4 | 1 |
| 2 | 1 | 7 | 9 | 4 | 6 | 3 | 8 | 5 |
| 1 | 7 | 5 | 2 | 8 | 4 | 9 | 3 | 6 |
| 6 | 3 | 8 | 5 | 1 | 9 | 4 | 7 | 2 |
| 9 | 4 | 2 | 7 | 6 | 3 | 1 | 5 | 8 |
| 5 | 8 | 1 | 6 | 3 | 7 | 2 | 9 | 4 |
| 3 | 6 | 9 | 4 | 2 | 8 | 5 | 1 | 7 |
| 7 | 2 | 4 | 1 | 9 | 5 | 8 | 6 | 3 |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 3 | 9 | 6 | 7 | 2 | 5 | 4 | 1 | 8 |
| 4 | 2 | 7 | 1 | 6 | 8 | 9 | 5 | 3 |
| 8 | 5 | 1 | 4 | 9 | 3 | 2 | 7 | 6 |
| 5 | 8 | 2 | 9 | 3 | 4 | 1 | 6 | 7 |
| 7 | 3 | 4 | 6 | 8 | 1 | 5 | 9 | 2 |
| 1 | 6 | 9 | 2 | 5 | 7 | 8 | 3 | 4 |
| 2 | 7 | 5 | 3 | 4 | 9 | 6 | 8 | 1 |
| 6 | 1 | 8 | 5 | 7 | 2 | 3 | 4 | 9 |
| 9 | 4 | 3 | 8 | 1 | 6 | 7 | 2 | 5 |

ဆုငွေနှင့် ဂျာနယ်လက်ဆောင်များကို အမှတ် (၁၈၁)၊ ၃၂ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ရိုးသားခြင်းရဲ့ အကျိုးတရား

ဦးငယ်

တစ်ခါက မြို့တစ်မြို့မှာ ဦးဘောဂဆိုတဲ့ ငွေကြေးချမ်းသာသူတစ်ဦး ရှိလေရဲ့။ သူဟာ ပစ္စည်းဥစ္စာခနချမ်းသာသော်လည်း လူတစ်ဖက်သားကို သနားကြင်နာတတ်သူတစ်ဦးဖြစ်တယ်တဲ့။ စိတ်ရောကိုယ်ပါ ကူညီလေ့ရှိတယ်။

အဲ - သူ့မှာ ထူးခြားတာက ငွေကြေးလိုသူတွေကို အတိုးမယူဘဲ ငွေချေးပေးလေ့ရှိတယ်။ ငွေချေးတဲ့သူရဲ့အမည်နဲ့ ငွေဘယ်လောက်ချေးတယ်ဆိုတာကိုတော့ သေချာစွာ မှတ်ထားသတဲ့။ "ဘာကိစ္စများလဲဗျ၊ ဆိုပါအုံး" "ဩော် - ကျွန်တော့်အမည်က မောင်သစ္စာပါ၊ အရေးတကြီးလိုအပ်တဲ့ ပစ္စည်းဝယ်ရင်း ပါလာတဲ့ငွေကုန်သွားလို့၊ အဲဒါ သူဌေးကြီးဆီမှာ . . " လို့ပြောတော့ သူဌေးကြီးက အသာလက်ဝါးထောင်ပြရင်း "ရပါတယ်ဗျာ၊ ငွေက ဘယ်လောက်ယူမှာလဲ"လို့ ဆိုသတဲ့။ "ငွေနှစ်ထောင်လောက်ပါ သူဌေးမင်း"လို့ မောင်သစ္စာက ဆိုတယ်တဲ့။

ဒီလိုနဲ့ တစ်နေ့မှာ သူဌေးကြီးဦးဘောဂဟာ သူချေးထားတဲ့စာအုပ်ကို စစ်ဆေးကြည့်တဲ့အခါ "အလို - ငွေချေးထားတဲ့လူက ငါးရာတောင်ကျော်နေပါလား၊ ငါ့မှာလည်း စီးပွားရေးကတစ်ဖက်၊ ဒီပရဟိတလုပ်ငန်းက တစ်ဖက်နဲ့ဆိုတော့ မနိုင်မနင်းဖြစ်နေပြီ၊ ဘယ်လိုလုပ်ရပါ့"လို့ တစ်ဦးတည်း ညည်းတွားနေမိတယ်။ တစ်အောင့်လောက်ကြာတော့မှ ဦးဘောဂမှာ အကြံတစ်ခုရလိုက်တယ်။ "အာ- ဟုတ်ပြီ၊ ငွေချေးငှားထားတဲ့သူတွေထဲက ရိုးသားသူကို ချေးငွေကိုလျှော်ပြီး ငါ့ရဲ့ငွေထိန်းခန့်မှပဲ" လို့ မျက်နှာဝင်းပစွာနဲ့ ပြောဆိုမိသတဲ့လေ။

အဲဒါကြောင့် သူဌေးကြီးဦးဘောဂဟာ သူငွေချေးထားသူများကို ဖိတ်ကြားလိုက်ပြီး "ကဲဗျာ - အခုလိုခေါ်ယူတွေ့ဆုံရတာက တခြားကြောင့် မဟုတ်ပါဘူး၊ မှတ်ထားတဲ့ စာရင်းစာအုပ်ပျောက်သွားလို့ဗျ၊ ကျုပ်လည်း မမှတ်မိတော့ဘူး၊ ဒါကြောင့် လူကြီးမင်းများပဲ ငွေဘယ်လောက်ချေးယူထားတယ်ဆိုတာ ပြောပြကြပါလား"လို့ စကားပလ္လင်ခံကာပြောသတဲ့။ ငွေချေးထားသူများတချို့ဟာ မသိမသာမယောင်မလည်နဲ့ ခန်းမထဲက ထွက်သွားကြတယ်တဲ့။ တချို့ကတော့ မိမိချေးယူထားတဲ့ငွေထက်လျှော့ပြီး ပြောကြတယ်ဆိုပဲကွဲ့။

"ကျွန်တော် မောင်မည်းပါ၊ ကျွန်တော်ချေးထားတာက ငွေတစ်ရာတည်းပါ"

"ကျွန်တော်က ငါးဆယ်ကျပ်တည်းပါ"

"ကျွန်တော်ကတော့ ဘယ်လောက်ချေးယူထားသလည်းဆိုတာ မမှတ်မိတော့ပါဘူး သူဌေးမင်း"

အဲဒီလိုပြောလာတဲ့အခါ သူဌေးမင်းက ပြုံးပြီး "အေးဗျာ ကျေးဇူးပဲ၊ ဒီလောက်ကူညီကြတာပဲ ကျေးဇူးတင်လှပါပြီ"လို့ ပြန်ပြောသတဲ့။ အဲဒီအချိန်မှာ မောင်သစ္စာဟာ အရိုအသေပေးရင်း ခန်းမထဲရောက်လာတယ်။ ပြီးတော့ "ကျွန်တော် နည်းနည်းနောက်ကျသွားတာကို ခွင့်လွှတ်ပါ၊ ကျွန်တော်က မောင်သစ္စာပါ၊ ကျွန်တော်ပစ္စည်းဝယ်တုံး ငွေပြတ်သွားလို့ သူဌေးမင်းဆီမှာ ငွေနှစ်ထောင်လာရောက်ချေးယူသွားခဲ့ပါတယ်"လို့ ဆိုသတဲ့။

အဲဒီအခါ သူဌေးကြီးမျက်နှာဟာ ဝင်းထိန်သွားပြီး "ဝမ်းသာလိုက်တာ၊ စာရင်းစာအုပ်က မပျောက်ပါဘူး၊ ရိုးသားမှုနဲ့သစ္စာတရားကို သိချင်လို့ပါ၊ အခု မောင်သစ္စာမှာ ဦးလိုချင်တဲ့အရည်အချင်းတွေ ရှိနေပါပြီ၊ ဒါကြောင့် မောင်သစ္စာကို ဦးရဲ့ငွေထိန်းအဖြစ် ခန့်အပ်ပါရစေ"လို့ ဆိုသတဲ့ကွယ်။

အေး - တကယ်တော့ ဒါဟာ ရိုးသားမှုနဲ့ သစ္စာရှိမှုကြောင့်ပဲပေါ့ကွယ်။ ။

► စာမျက်နှာ ၇မှ အဖြေမှန်

| | | | |
|---|---|---|---|
| 1. Tap | 5. Tea | 9. Giraffe | 13. Vulture |
| 2. Brick | 6. Magnet | 10. Lip | 14. Bud |
| 3. Chain | 7. Net | 11. Duckling | 15. Mushroom |
| 4. Thin | 8. Spoon | 12. Dove | 16. Fat |

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# THE EFFECT OF SIMPLICITY

***TR: H.K***

Once in a certain town there was a wealthy man whose name was U Baw Ga. He was rich as well as kind-hearted. He used to help the others.

His speciality was lending money to those who needed it. He carefully noted down details of the money borrowers.

U Baw Ga asked; "Tell me what's the matter with you?"

"My name is Maung Thitsar. I'm in need of money because my money runs out while I was shopping. So please lend me. . ."

U Baw Ga realized and asked; "How much money do you want?"

"About two thousands sir" said Maung Thitsar. One day, U Baw Ga checked his list and said; "Alas! There are over 500 borrowers. I have a lot of business. So I need an assistant. How can I get an assistant?"

A moment later he had got an idea.

"I will find out the honest man among my borrowers. If I find an honest man, I'll appoint him as my treasurer."

So he invited all of his money-borrowers and said; "You are called because my account book is lost. I've forgotten all of the amounts. So please, let me know how much amount did you borrow from me." Some ignored his statement. Some said little.

"I borrowed from you only one hundred."

"I just borrowed only fifty."

"I've forgotten the amount."

U Baw Ga smiled at them and said; "Thank you for your helps."

At that time Maung Thitsar arrived into the hall and said; "Excuse me for my delay. I have borrowed two, thousands from you."

When U Baw Ga heard his confess he was delighted and said; "My account book is not lost really. I want to find out an honest man. So Maung Thitsar is an honest man. So I would like to appoint Maung Thitsar as my treasurer."

This is the reward of the simplicity and loyalty.

---

# မြန်မာဗန်းစကားများသုံးစွဲတတ်စေရန်

**ရွှေအိ**

ဇာတ်ခေါင်းကွဲသည် = အပေါင်းအဖွဲ့ ကွဲပြားပြတ်တောက်သည်။

ဇာတ်ခေါင်းကွဲသည်ဟူသော မြန်မာဗန်းစကား၏အဓိပ္ပာယ်မှာ အပေါင်းအဖွဲ့ ကွဲပြားပြတ်တောက်သည်ဟု အဓိပ္ပာယ်ရလေသည်။ ဇာတ်သဘင်အဖွဲ့များသည် ယခင်ခေတ်ကာလက ယခုကဲ့သို့ မိုးလုံလေလုံဇာတ်ရုံကြီးများ မရှိသဖြင့် နွေနှင့်မိုးနည်းသောကာလတို့၌သာ အရပ်ရပ်သို့ လှည့်လည်၍ ကပြကြလေသည်။ မိုးရာသီရောက်ရှိပါက စုပေါင်းဖွဲ့စည်းထားသော သဘင်သည်အသီးသီးတို့သည် ဇာတ်ကရန်မရှိတော့သဖြင့် တကွဲတပြားစီ ပြန်ကြရလေသည်။ ဤကဲ့သို့ သဘင်သည်များ တကွဲတပြား၊ ဇာတ်အဖွဲ့အစည်းများ တကွဲတပြား ဇာတိရပ်ထံပြန်ကြရသည်ကို ခေါ်ဆိုလေသည်။ ထိုသဘောကိုတင်စား၍ စုပေါင်းဖွဲ့စပ်ပြီးမှ ကွဲပြားပြေလွင့်သွားခြင်း၊ အပေါင်းအဖွဲ့ကွဲပြားပြတ်တောက်သည်ကို ဆိုလိုပါက ဗန်းစကားဖြင့် ဇာတ်ခေါင်းကွဲသည်ဟု ဆိုလိုလိုက်သည်နှင့် လူအများသိရှိနားလည်ပြီးဖြစ်လေသည်။

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# မိုးသောက်ပန်းအဖွဲ့ဝင်များ ဖိတ်ခေါ်ခြင်း

**မိုးသောက်ပန်းအဖွဲ့ဝင်ပုံစံ**



၁။ အနယ်နယ်အရပ်ရပ်ကမိုးသောက်ပန်းဂျာနယ်ကို ဖတ်ရှုအားပေးကြတဲ့ သားတို့၊ သမီးတို့အတွက် သတင်းကောင်းလေးပါးပါရစေ။

၂။ ဦးဦးတို့ မိုးသောက်ပန်းဂျာနယ်ဟာ မကြာခင်ကာလအတွင်း ပိုမိုကောင်းမွန်တဲ့ အစီအစဉ်တွေနဲ့ ထုတ်ဝေသွားဖို့ စီစဉ်နေတဲ့သတင်းပါပဲ။ အဲဒီလို ထုတ်ဝေဖို့ စီစဉ်နေချိန်မှာ မိုးသောက်ပန်းချစ်သူ သားတို့၊ သမီးတို့အတွက် မိုးသောက်ပန်း အဖွဲ့ဝင်များဖြစ်အောင် ဦးဦးတို့ဂျာနယ်က ဘေးမှာပုံစံလေး ပေးထားပါတယ်။ အဲဒီ ပုံစံလေးကိုဖြတ်ယူပြီး ဦးဦးတို့ ဂျာနယ်ကို ဓာတ်ပုံ (၁)ပုံနဲ့အတူ ပြန်ပို့ပေးပေါ့ကွယ်။ ပြန်ပို့ပေးရမယ့် လိပ်စာလေးကိုလည်း အောက်မှာ ဖော်ပြ ပေးထားပါတယ်။ (အဖွဲ့ဝင် သားတို့၊ သမီးတို့၏ ဓာတ်ပုံနှင့် လိပ်စာကို ဂျာနယ်မှာ ဖော်ပြပါမည်။)

| |
|---|
| တာဝန်ခံစာတည်း (မိုးသောက်ပန်းဂျာနယ်)<br>အမှတ်(၁၅)၊ တပ်မြေ၊ မိုးကောင်းလမ်း၊<br>၁၅ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။<br>ဖုန်း- ၀၉ ၃၂၄၉၈၇၁၆၊ ၀၉ ၃၀၃၆၇၅၆၂။ |

| |
|---|
| ရန်ကုန်ရုံးခွဲ<br>အမှတ်(၁၈၁)၊ ၃၂ လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။<br>ဖုန်း ၀၉ ၃၂၄၉၈၇၁၄။ |

၁။ အမည် ____________________

၂။ မွေးသက္ကရာဇ် ____________________

၃။ လူမျိုး/ဘာသာ ____________________

၄။ မိဘအမည် ____________________

၅။ ပညာအရည်အချင်း ____________________

၆။ ကျောင်း ____________________

၇။ ဝါသနာပါရာ ____________________

၈။ ဆက်သွယ်ရန်လိပ်စာ ____________________

(အပြည့်အစုံ) ____________________

၉။ ရည်မှန်းချက် ____________________

---

## မြဝတီစာပေတိုက်

## မိုးသောက်ပန်းဂျာနယ်ဝယ်ယူရရှိနိုင်သော ဆိုင်များစာရင်း

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်း |
|---|---|---|---|
| | စစ်ကိုင်းတိုင်းဒေသကြီး | | |
| ၁ | ဦးချစ်စရာ | အင်းတော် | ၀၉၇၇၈၈၃၁၈၆၄ |
| ၂ | ဦးသောင်းညွန့် | ကျွန်းလှ | ၀၇၅ ၅၉၁၀၃ |
| ၃ | ဦးဇော်မင်း | မော်လူး | ၀၇၅ ၆၅၁၄၇ |
| ၄ | ဦးတင်ငွေ | မင်းကင်း | ၀၁၀ ၄၀၁၀၉၀<br>၀၉၂၆၀၄၆၀၇၇၄ |
| | မကွေးတိုင်းဒေသကြီး | | |
| ၅ | ပုလဲစာပေ | တောင်တွင်းကြီး | ၀၆၃ ၅၀၄၂၀ |
| ၆ | ဦးနေလင်း | နတ်မောက် | ၀၉၂၅၆၀၉၂၃၂၃ |
| ၇ | မျိုးဆက်သစ်စာပေ | မကွေး | ၀၆၃ ၂၇၂၄၃ |
| | မန္တလေးတိုင်းဒေသကြီး | | |
| ၈ | ထွန်းဦးစာပေ | မန္တလေး | ၀၂ ၃၉၈၉၁၊<br>၀၂ ၃၉၈၀၁ |
| ၉ | နဂါးစာပေ | မန္တလေး | ၀၂ ၃၆၇၄၅ |
| | ဧရာဝတီတိုင်းဒေသကြီး | | |
| ၁၀ | ဦးခင်စိုး | မြန်အောင် | ၀၄၄ ၅၀၃၅၈၊<br>၀၉၂၅၀၅၆၉၇၇၃ |

| စဉ် | အကြောင်းအရာ | မြို့ | ဖုန်း |
|---|---|---|---|
| ၁၁ | ဦးကျော်ဝင်း | လပွတ္တာ | ၀၉၃၁၁၆၉၅၄၇ |
| ၁၂ | ဒေါ်ကြည်ကြည်စိန် | ဇလွန် | ၀၉၄၅၁၂၄၀၅၂၄ |
| | ရှမ်းပြည်နယ် | | |
| ၁၃ | မျိုးဆွေစာပေ | ညောင်ရွှေ | ၀၉၃၂၃၃၃၈၄၇,၀၈၊<br>၀၈၁ ၂၀၉၃၁၆ |
| | ရန်ကုန်တိုင်းဒေသကြီး | | |
| ၁၄ | ခိုင်ဇင်ဦး | ရွှေဂုံတိုင် | ၀၁ ၅၅၂၈၀၃ |
| ၁၅ | ဦးအောင်မောင်း | ပန်းဆိုးတန်း | ၀၁ ၂၄၃၂၈၃၊<br>၀၉၈၅၀၁၅၃၈ |
| ၁၆ | သီတာ-၁ | ပန်းဆိုးတန်း | ၀၁ ၃၈၄၉၃၉ |
| ၁၇ | မြသော်တာစာပေ | ပန်းဘဲတန်း | ၀၁ ၃၈၂၂၁၉ |
| ၁၈ | ဦးစိုးအောင် | ကျောက်တံတား | ၀၁ ၂၅၃၂၅၅ |
| ၁၉ | စာပေဗိမာန် | ရန်ကုန် | ၀၁ ၂၄၉၀၃၁ |
| | ပဲခူးတိုင်းဒေသကြီး | | |
| ၂၀ | ဦးမြဦး(မြအလင်္ကာ | ပေါက်ခေါင်း | ၀၅၃ ၄၅၅၆၈၊ |
| | စာဥယျာဉ်) | | ၀၉၂၅၃၃၇၃၁၆၀ |
| ၂၁ | အောင်မြင်စာပေ | လက်ပံတန်း | ၀၅၃ ၃၂၂၄၁၊<br>၀၅၃ ၃၂၆၄၉ |

www.facebook.com/themyawadydaily







# မိမိဝန်းကျင်မှ သစ်သီးဝလံများ

## အာဒါလွတ်ဥ (Arrowroot)



နှစ်ရှည်ခံပင်ပျော့မျိုး၏ဥ သို့မဟုတ်၊ အမြစ်များဖြစ်သည်။ ယင်း၏အတွင်းသားသည် ဖြူဖွေး၍ အမျှင်ငယ်များရှိပြီး ပျစ်ချွဲသည်။ ဥကိုပြုတ်ပြီး သရေစာအဖြစ် စားသုံးကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းတို့တွင် အနှံ့အပြား စိုက်ပျိုးကြပြီး မိုးနှောင်းကာလတွင် ပေါများစွာတွေ့ရသည်။

It is the rhizome or root of a perennial herb. Its texture is white fibrous and slimy. It is eaten as a snack when boined. This plant is cultivated throughout Central and Lower Myanmar and is available abundantly at the end of the rainy season.

# ကလေးတို့အတွက် ပုံပြအဘိဓာန်

ရွှေဝါဦး

### Red

Red is a colour.



### အနီရောင်

အနီရောင်ဆိုသည်မှာ အရောင်တစ်မျိုးဖြစ်သည်။



### Refrigertor

A refrigerator is a cabinet in which food and drinks are kept to keep them cold.

### ရေခဲသေတ္တာ

ရေခဲသေတ္တာဆိုသည်မှာ ဗီရိုတစ်ခုဖြစ်ပြီး အထဲတွင်အစားအစာ၊ သောက်စရာတို့ကို အေးမြနေအောင် သိုလှောင်ထားရာ ပစ္စည်းဖြစ်သည်။



### Ribbon

A ribbon is a decorative narrow coloured strip or band made of cloth.

### ဖဲကြိုး

ဖဲကြိုးဆိုသည်မှာ အလှတန်ဆာဆင်ရန် ပြုလုပ်ထားသည့် သေးသွယ်သော အရောင်ပါ အဝတ်ထုံးလေးကို ခေါ်သည်။

### Rice

Rice is a food. Grains of rice are cooked and eaten.



### ထမင်း

ထမင်းသည် အစားအစာတစ်မျိုးဖြစ်သည်။ ဆန်စေ့ကို ချက်ပြုတ် စားသောက်နိုင်သည်။

www.facebook.com/themyawadydaily












www.facebook.com/themyawadydaily


ကောက်ကောက် ဒီလိုအနိုင်ကျင့်နေတာ တရားခံက...နင်တို့ကြောင့်
"BECAUSE OF YOU ALL, KAUK KAUK HAS A CHANCE TO BULLY PEOPLE."
အမ်!
သူပြောတိုင်း ငြိမ်ခံပြီးနေတော့ ပိုဆိုးလာတာပေါ့...
"WHENEVER HE MAKES NOISE, YOU KEEP QUIET. THAT'S WHY HE IS GETTING WORSE."
ကောက်ကောက်က ဗလလည်းကြီး စိတ်လည်းကြီး တယ်ဟ...တော်ကြာကိုင်ပေါက်နေရင်ဘယ်လိုလုပ်မလဲ
"KAUK KAUK IS MIGHTY AND SHORT TEMPER. HOW CAN I DO IF HE FLING ME."
ဗလကြီးတိုင်း အနိုင်ကျင့်လို့ ရမလားဟ
"CAN HE BULLY NO MATTER WHAT HAPPENS BECAUSE HE IS MIGHTY?"
မဖြစ်ဘူး အနိုင်မကျင့်ဖို့ ကောက်ကောက်ကိုပြောမှဖြစ်မယ်
"NO, NO. I MUST TELL KAUK KAUK NOT TO BULLY PEOPLE."
ကြည့်လုပ်နော်
"WATCH OUT!"
ဟိတ်!
"HEY!"
ပလုတ်တုတ်
"OH MY GOSH!"

www.facebook.com/themyawadydaily






www.facebook.com/themyawadydaily


နောက်တစ်နေ့ နံနက်တွင်...
THE NEXT MORNING,
မနေ့တုန်းက ကောက်ကောက် ဆေးခန်း ရောက်သွားတဲ့အကြောင်း သိပြီးပြီလား
"DO YOU KNOW WHY KAUK KAUK HAD BEEN SENT TO CLINIC? "
ဟေ !
"HEY!"
ဘုတ်ဆုက အနိုင်မကျင့်ဖို့ပြောလို့ ပွဲကြမ်းကုန်ကြတာ ဖြစ်မယ်ဟ
"IT MIGHT BE BECAUSE OF BOKE HSU WHO TOLD HIM NOT TO BULLY OTHERS."
ကောက်ကောက်က ဆေးခန်းရောက်သွားတော့ ဘုတ်ဆုကကော ဘယ်ရောက်သွားပါလိမ့်
"WHERE WAS BOKE HSU WHILE KAUK KAUK WAS AT THE CLINIC?"
သွားမေးကြစို့
"LET'S GO TO ASK."
ဘုတ်ဆုအိမ်တွင် ..
AT BOKE HSU'S HOUSE,
ဟား! ဟား!
ဟား! ဟား!
စောစောစီးစီး ဘာများလဲလို့ဟ
"WHAT'S UP EARLY IN THE MORNING?"
ကိုင်ပေါက်ခံရတဲ့ ရုပ်တော့မဟုတ်ဘူး
"SHE DOES NOT LOOK ALIKE FLUNG BY KAUK KAUK."
အဖြစ်အပျက်က ဒီလိုဟ ..
"THE STORY IS....."
ဘဘညိုရဲ့ခြံကို ဘာသွား လုပ်မှာလဲ ကောက်ကောက်
"WHAT DO YOU INTEND TO DO AT BA BA NYO'S FARM KAUK KAUK?"
အမေက ပန်းဝယ်ခိုင်းလို့
"MY MOTHER ASKED ME TO BUY FLOWERS."


ဘုတ်ဆု နင်အရင်ဝင်
"BOKE HSU, YOU GO IN FIRST."
ခွေးသတိပြု
"BEWARE OF DOG."
အင် ကိုက်လည်းမကိုက်ဘဲနဲ့ အေးဆေးပဲဟ...
"HMM...IT LOOKS OKAY. IT WON'T BITE."
ဘဘညို...
"BA BA NYO!"
ဒါဆို ငါလည်းဝင်လို့ရ... ရ...
"I CAN COME IN AS WELL."
"GEE..."
ဂီး:::
လူစိမ်း!
"STRANGER!"
သို့နှင့်...
THEN,
ပြေးနိုင်မှ လွတ်မယ်မှတ်
"RUN FOR YOUR LIFE!"
ဂါး:::
"GARR...."
အိုးမား
"OH MUM!"
ဒါဆို ခွေးကိုက်ခံရလို့ ကောက်ကောက် ဆေးခန်းရောက်သွားတာကိုး...
"THEN KAUK KAUK HAD BEEN TO CLINIC BECAUSE THE DOG BITE HIM."
မေးခိုင်ကာကွယ်ဆေးနဲ့ ခွေးရူးကာကွယ်ဆေး ထိုးခဲ့ရတယ်တဲ့ဟ
"THE TETANUS VACCINE AND IMMUNOGLOBULIN HAS BEEN INJECTED TO HIM."
ဘုတ်ဆုက ဘဘညိုရဲ့ခြံကိုသွားနေကျ ဆိုတော့ခွေးကသိနေပြီး မကိုက်တာပေါ့
"BOKE HSU USED TO BEEN TO BA BA NYO'S FARM. THE DOG IS FAMILIAR WITH HER THAT'S WHY IT DID NOT BITE."
တစ်ကိုယ်ကောင်းဆန်ပြီးအနိုင်ကျင့်တဲ့စိတ်ကြောင့် ကောက်ကောက် ဒီလိုဖြစ်ရတာဟ ခုလောက်ဆို သူလည်းနားလည်သွားလောက်ပါပြီ
"KAUK KAUK HAS THAT KIND OF EXPERIENCE BECAUSE OF HIS AGGRESSIVE MIND SET. I HOPE HE UNDERSTOOD NOW."
နေ့လယ်မှ သူ့ဆီသွားမေးကြစို့
"LET'S VISIT HIM IN THE AFTERNOON."
ပြီး

www.facebook.com/themyawadydaily



# အထွေထွေ ဗဟုသုတ

ထက်ဘုန်း



## ဂန္ထဝင်ရှေးဟောင်းမြို့ကြီး မက်တာရာ (Matera)

မက်တာရာ(Matera)မြို့သည် အီတလီနိုင်ငံ ဘာစီလီကာတာဒေသတွင် တည်ရှိလေသည်။ မက်တာရာမြို့ဟောင်းကြီးသည် ဂန္ထဝင်မြို့ဟောင်းကြီး တစ်မြို့ဖြစ်ပြီး မက်တာရာမြို့ဟောင်းကြီးကို ကျောက်တုံးမြို့ဟုလည်း ရည်ညွှန်းပြောဆိုလေ့ရှိသည်။ ထိုခေတ်ကာလက မက်တာရာမြို့တွင် မှီတင်းနေထိုင်ခဲ့သူများမှာ မုဆိုးများဖြစ်ပြီး ဂူကြီးများအတွင်း၌ နေထိုင်ခဲ့ကြသည်။ မက်တာရာဂန္ထဝင်မြို့ဟောင်းရှိ အမျိုးသားပြတိုက်ကြီးတွင် မြို့ဟောင်းတစ်ဝိုက်ဝန်းကျင်မှ ရှာဖွေတွေ့ရှိရသော ရှေးဟောင်းပစ္စည်းများကို စုဆောင်းသိမ်းဆည်းထားရှိလေသည်။ ကမ္ဘာ့သက်တမ်းအရင့်ဆုံး ဂန္ထဝင်မြို့ဟောင်းကြီးကို ၁၉၉၃ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့အမွေအနှစ် နေရာအဖြစ်သတ်မှတ်ခဲ့လေသည်။



## ကမ္ဘာ့အခြောက်သွေ့ဆုံး သဲကန္တာရကြီး အက်တာကာမာ (Atacama Desert)

အက်တာကာမာသဲကန္တာရကြီး(Atacama Desert)သည် တောင်အမေရိကတိုက်၊ ချီလီနိုင်ငံတွင် တည်ရှိလေသည်။ သဲကန္တာရကြီး၏ ဧရိယာမှာ ၁၀၅၀၀၀ စတုရန်းကီလိုမီတာ ၄၀၅၄၁ စတုရန်းမိုင်ကျယ်ဝန်းလေသည်။ ၎င်းကန္တာရကြီးကို အင်းဒီစ်တောင်တန်းကြီးက မိုးမရွာသွန်းနိုင်အောင်ကာကွယ်ထားလေသည်။ အက်တာကာမာသဲကန္တာရကြီးသည် ကမ္ဘာ့အခြောက်သွေ့ဆုံးသဲကန္တာရကြီးအဖြစ် သတ်မှတ်ထားကြလေသည်။ ၎င်းသဲကန္တာရကြီးသည် အလွန်အမင်းခြောက်သွေ့မှုကြောင့် ရှေးခေတ်အင်ကာလူမျိုးများနှင့် ချီလီနိုင်ငံမှ မစ္စချီလီမံမီရုပ်လောင်းများကို မပျက်စီးအောင်ထိန်းသိမ်းထားနိုင်စွမ်းရှိလေသည်။ အဆိုပါသဲကန္တာရကြီးအတွင်း လက်ရာပြောင်မြောက်စွာ ထုဆစ်ထားသော အမြင့် (၁၁) မီတာရှိ လူသား၏ ရုပ်တုကြီးတစ်ခုရှိလေသည်။ ၎င်းရုပ်တုကြီး၏အမည်မှာ သဲကန္တာရ၏လက်ဟု အမည်ရရှိလေသည်။ ၎င်းသဲကန္တာရကြီးသည် လူသူအရောက်အပေါက်နည်းလေသည်။

## ကမ္ဘာ့အကြီးဆုံး ရွှံ့မီးတောင်လူစီ (Lusi Indonesia)

ကမ္ဘာ့အကြီးဆုံး ရွှံ့မီးတောင်ကြီးလူစီ(Lusi)သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းတွင် တည်ရှိသည်။ ၎င်းရွှံ့မီးတောင်ကြီးသည် ၂၀၀၆ ခုနှစ်တွင် လျှပ်တစ်ပြက်ပေါက်ကွဲခဲ့လေသည်။ ၎င်းပေါက်ကွဲမှုသည် ယခင်ပေါက်ကွဲမှုဖြစ်ပြီး ကိုးနှစ်ခန့်ကြာမှ ပေါက်ကွဲမှုဖြစ်ခဲ့ခြင်းဖြစ်လေသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် စီဒေါ့ဂျိုမြို့၏ ၅၆ ဒသမ ၅ စတုရန်းကီလိုမီတာခန့်ကို ရွှံ့ရည်များဖြင့် နစ်မြုပ်သွားခဲ့သည်။ နစ်မြုပ်သွားခဲ့သော ရွှံ့ရည်ထုမှာ မီတာ ၄၀ ခန့်အထိ ထူသည်။



www.facebook.com/themyawadydaily

အ ပတ် စဉ် အ ဂါ နေ့ ထုတ် ဝေ သည်။

